# ၂၀၂၄ ခုနှစ် ဇွန်လအတွင်း လူ့အခွင့်အရေးအစီရင်ခံစာများနှင့် သတင်း မှတ်တမ်းများကို အနှစ်ချုပ် ခြုံငုံသုံးသပ်ချက်

လစဉ်ထုတ်ဝေမှု အမှတ်စဉ် (၃)

ပထမအကြိမ်၊ ဇွန်လ၊ ၂၀၂၄

# နိဒါန်း

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်တွင် မြန်မာစစ်တပ်က နိုင်ငံအာဏာကို တရားမဝင်သိမ်းယူခဲ့ပြီးနောက် နိုင်ငံတဝန်းလုံး၌ နိုင်ငံရေးအကြမ်းဖက်မှုများ၊ လူ့အခွင့်အရေးချိုးဖောက်မှုများ၊ နိုင်ငံရေးကိုအခြေခံကာ ဆက်စပ်ဖြစ်ပေါ်လာသည့် လူမှုရေး၊ စီးပွားရေး ပြိုကျပျက်စီးမှုများစွာ တောက်လျှောက်ဖြစ်ပေါ်လာခဲ့သည်။ ၂၀၂၁ ဖေဖော်ဝါရီလနောက်ပိုင်း မြန်မာနိုင်ငံအတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများကို ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများစွာက မှတ်တမ်းတင်ဖော်ပြလျက်ရှိနေသည်ကို မိမိတို့ သတိပြုမိသည်။

အဓိကာရအဖွဲ့သည်လည်း လူ့အခွင့်အရေးအဖွဲ့တခုအနေဖြင့် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေနှင့်ပတ်သက်၍ အနှစ်ချုပ်ခြုံငုံတင်ပြချက်များ လစဉ်ရေးသားထုတ်ပြန်လျက်ရှိသည်။ အဆိုပါလေ့လာသုံးသပ်ချက်ကို တလအတွင်း ထွက်ရှိသော ပြည်တွင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာ အဖွဲ့အစည်းများ၏ မြန်မာ့လူ့အခွင့်အရေးဆိုင်ရာ သုတေသနနှင့် လေ့လာသုံးသပ်ချက် အစီရင်ခံစာများနှင့် အမှီအခိုကင်းသောသတင်းမီဒီယာများ၏ မြန်မာ့လူ့အခွင့်အရေးဆိုင်ရာ သတင်းမှတ်တမ်းဖော်ပြချက်များကို အခြေခံ၍ အပိုင်းနှစ်ပိုင်းခွဲ၍ လအလိုက်ရေးသားပြုစုခြင်းဖြစ်သည်။

၂၀၂၄ ခုနှစ်၊ ဇွန်လအတွင်း လူ့အခွင့်အရေးအခြေအနေနှင့်ပတ်သက်၍ အဓိကာရမှ ၂၀၂၄ ခုနှစ် ဇွန်လအတွင်း ထွက်ရှိသော အဖွဲ့အစည်း နှစ်ခု၏ အစီရင်ခံစာ သုံးစောင်နှင့် သတင်းမီဒီယာ ခုနစ်ခု၏ သတင်း/ဆောင်းပါး အပုဒ်ရေ ၇၀၀ ခန့်ကို အဓိကာရမှ စုဆောင်းလေ့လာ၍ အနှစ်ချုပ်ရေးသားထားသည်။ ဇွန်လအတွင်း အနှစ်ချုပ် လူ့အခွင့်အရေး အခြေအနေနှင့် ပတ်သက်၍ အဓိကတွေ့ရှိရသော ခေါင်းစဉ်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

## ၂၀၂၄ ခုနှစ် ဇွန်လအတွင်း လေ့လာတွေ့ရှိရသော လူ့အခွင့်အရေးအစီရင်ခံစာများ

၁။ စစ်ရာဇဝတ်မှုများအပေါ် အထောက်အပံ့ပေးနေသော နိုင်ငံခြားဘဏ်များ၏ အခန်းကဏ္ဍနှင့်ပတ်သက်၍ ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးကိုယ်စားလှယ်၏ အစီရင်ခံစာသစ်
၂။ တရားမဝင်စစ်မှုထမ်းဥပဒေနှင့် အမျိုးသမီးများအပေါ်သက်ရောက်မှုများ

## ၂၀၂၄ ခုနှစ် ဇွန်လအတွင်း လေ့လာတွေ့ရှိရသော လူ့အခွင့်အရေးဆိုင်ရာ သတင်းမှတ်တမ်းဖော်ပြချက်များ

၁။ ရန်ကုန်နှင့် မန္တလေးမြို့ကြီးများရှိ ရွှေဆိုင်ပိုင်ရှင်များအား စစ်ကောင်စီမှ ဖမ်းဆီးခြင်း
၂။ စစ်ကိုင်းတိုင်း၊ မင်းကင်းမြို့နယ်တွင် စစ်ကောင်စီမှ လေကြောင်းဖြင့် တိုက်ခိုက်သဖြင့် ပြည်သူ အစုလိုက်အပြုံလိုက် သေဆုံးခြင်း
၃။ VPN အသုံးပြုမှု တားဆီးရန် စစ်ကောင်စီမှ တင်းကြပ်စွာ ကိုင်တွယ်ခြင်း
၄။ စစ်ကောင်စီ ပစ်ခတ်မှုကြောင့် မဟာနအဖွဲ့ဝင်ဟောင်း ဝင်းနိမ္မိတာရုံဆရာတော် ပျံလွန်တော်မူ

# ၂၀၂၄ ခုနှစ် ဇွန်လအတွင်း လေ့လာတွေ့ရှိရသော လူ့အခွင့်အရေးအစီရင်ခံစာများ

## ၁။ စစ်ရာဇဝတ်မှုများအပေါ် အထောက်အပံ့ပေးနေသော နိုင်ငံခြားဘဏ်များ၏ အခန်းကဏ္ဍနှင့်ပတ်သက်၍ ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးကိုယ်စားလှယ်၏ အစီရင်ခံစာသစ်

မြန်မာစစ်ကောင်စီ၏ စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သော ရာဇဝတ်မှုများကို ကူညီထောက်ပံ့ပေးနေသော နိုင်ငံခြားဘဏ်များ၏ အခန်းကဏ္ဍနှင့် ပတ်သက်သည့် အစီရင်ခံစာကို ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးကိုယ်စားလှယ် တွမ်အင်ဒရူး (Tom Andrews)က ၂၀၂၄ ခုနှစ် ဇွန်လ ၂၆ ရက်နေ့တွင် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီထံ တင်သွင်းခဲ့သည်။

အထူးကိုယ်စားလှယ် Tom Andrews ၏ Banking on the Death Trade: How Banks and Governments Enable the Military Junta in Myanmar ဟု အမည်ပေးထားသည့် ဂျီနီဗာတွင် တင်သွင်းသော အဆိုပါအစီရင်ခံစာသစ်အရ နိုင်ငံခြားဘဏ်များသည် မြန်မာစစ်ကောင်စီ၏ လက်နက်နှင့် ၎င်း၏ ဆက်စပ်ပစ္စည်းများကို လက်လှမ်းမီ လွယ်ကူချောမွေ့စေရန် ဆောင်ရွက်ပေးလျက်ရှိသည်။ အဆိုပါ “သေမင်းတမန်ကုန်သွယ်မှုဆိုင်ရာ” အစီရင်ခံချက်တွင် နိုင်ငံခြားဘဏ်များနှင့် ပြည်ပအစိုးရများက မြန်မာစစ်ကောင်စီကို မည်ကဲ့သို့ ပံ့ပိုးကူညီနေကြောင်းကို လေ့လာဖော်ပြထားရုံသာမက လွန်ခဲ့သော နှစ်နှစ်အတွင်း စစ်ကောင်စီ၏ စစ်ဘက်ဆိုင်ရာ အသုံးပြုပစ္စည်းများကို အရောင်းအဝယ်လုပ်ဆောင်ပေးခဲ့သည့် နိုင်ငံခုနစ်မှ ဘဏ် ၁၆ ခုကိုလည်း လေ့လာဖော်ထုတ်ထားသည်။ ယင်းအပြင် မြန်မာစစ်ကောင်စီ၏ ထိန်းချုပ်မှုအောက်ရှိမြန်မာနိုင်ငံပိုင်ဘဏ်များအား correspondent banking service ဟုခေါ်သည့် နိုင်ငံတခုမှဘဏ်များနှင့် အခြားနိုင်ငံမှ ဘဏ်များအကြား ဘဏ္ဍာရေးဝန်ဆောင်မှုများ ပူးပေါင်းလုပ်ဆောင်နိုင်သည့် ဝန်ဆောင်မှုများကို ပံ့ပိုးပေးနေသော နောက်ထပ်ပြည်ပနိုင်ငံများမှ ဘဏ် ၂၅ ခု ရှိကြောင်းကိုလည်း ထည့်သွင်းတင်ပြထားသည်။

မြန်မာစစ်ကောင်စီသည် နိုင်ငံတကာ ကန့်ကွက်သတိပေးချက်များရှိနေသည့်တိုင် နိုင်ငံပိုင်ဘဏ်များ အပါအဝင် ငွေပေးငွေယူ လွယ်ကူချောမွေ့စေသော နိုင်ငံတကာမှဘဏ်များ၏ ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများကိုရယူပြီး အရပ်သားပြည်သူများအား လေကြောင်းမှတိုက်ခိုက်ခြင်းကဲ့သို့သော လူ့အခွင့်အရေးချိုးဖောက်မှုများကို လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်ခဲ့ကြောင်းနှင့် မြန်မာနိုင်ငံရှိ အစိုးရအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေသော ဘဏ်များသည် ယင်းကဲ့သို့သော ရာဇဝတ်မှုများတွင် ဆက်စပ်အန္တရာယ်ပေးရာရောက်နေသဖြင့် အဆိုပါ ငွေကြေးဝန်ဆောင်မှုများ ပံ့ပိုးလုပ်ဆောင်နေခြင်းကို ရပ်တန့်ရန် အစီရင်ခံစာက တိုက်တွန်းထားသည်။

## ၂။ တရားမဝင်စစ်မှုထမ်းဥပဒေနှင့် အမျိုးသမီးများအပေါ်သက်ရောက်မှုများ

၂၀၂၄ ခုနှစ် ဇွန်လတွင် မြန်မာ့အမျိုးသမီးသမဂ္ဂမှ တရားမဝင်စစ်မှုထမ်းဥပဒေနှင့် အမျိုးသမီးများအပေါ် သက်ရောက်မှုများ ခေါင်းစဉ်ဖြင့် သုံးသပ်ချက် အစီရင်ခံစာတစောင် ထုတ်ပြန်သည်။

၂၀၂၄ ခုနှစ် ဧပြီလတွင် မြန်မာ့အမျိုးသမီးသမဂ္ဂမှ ရှမ်းပြည်နယ်တောင်ပိုင်း၊ မန္တလေး၊ ရန်ကုန်၊ စစ်ကိုင်းနှင့် ဧရာဝတီတိုင်း ဒေသကြီးရှိ အမျိုးသမီးများနှင့် တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ခဲ့ပြီး အမျိုးသမီးများ၏ လက်ရှိမြေပြင်အခြေအနေ လက်တွေ့စိန်ခေါ်မှုများနှင့် အခက်အခဲများကို လေ့လာသုံးသပ်ထားခြင်းဖြစ်ကြောင်း ရေးသားဖော်ပြထားသည်။

အမျိုးသား အသက် ၁၈ မှ ၃၅ နှစ်၊ အတတ်ပညာကျွမ်းကျင်သူ ဖြစ်ပါက ၁၈ မှ ၄၅ နှစ်အတွင်းနှင့် အမျိုးသမီး အသက် ၁၈ မှ ၂၇ နှစ်၊ အတတ်ပညာကျွမ်းကျင်သူဖြစ်ပါက ၁၈ မှ ၃၅ နှစ်အတွင်း စစ်မှုထမ်းရန် ထုတ်ပြန်မှုသည် အမျိုးသမီးများအပေါ် ပြင်းပြင်းထန်ထန် သက်ရောက်မှုရှိစေခဲ့ပြီး အိမ်တွင်းအကြမ်းဖက်မှု၊ စီးပွားရေးကျပ်တည်းမှု၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၊ အတင်းအကြပ်လက်ထပ်ထိမ်းမြားခြင်းအပါအဝင် အမျိုးသမီးအများအပြားသည် စစ်မှုထမ်းခြင်းမှ ရှောင်ရှားနိုင်ရန် အိမ်နီးချင်းနိုင်ငံများသို့ တရားမဝင်ဖြစ်စေ၊ တရားဝင်ဖြစ်စေ ထွက်ပြေးတိမ်းရှောင်ရန် ကြိုးပမ်းနေရကြောင်း အစီရင်ခံစာ၏ ဖော်ပြချက်အရ သိရှိရသည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၄ ခုနှစ် မေလ ၂၇ ရက်အထိ စစ်ကောင်စီက အမျိုးသမီး ၃,၉၇၉ ဦးကို ဖမ်းဆီးခဲ့ပြီး ၎င်းတို့အနက်မှ ၁,၅၂၀ ဦးကို ထောင်ဒဏ်များ ချမှတ်ခံခဲ့ရသည်။ စစ်ကောင်စီ အာဏာသိမ်းပြီးနောက်ပိုင်း စစ်ဘေးရှောင်ဦးရေသည် ၂,၆၅၈,၄၀၀ (၂.၆ သန်းကျော်) ဝန်းကျင်အထိ မြင့်တက်လာခဲ့ပြီး အိမ်နီးချင်းနိုင်ငံများတွင် မြန်မာဒုက္ခသည် ၆၁,၇၀၀ ဦးရှိကာ ၎င်းတို့အနက် ထက်ဝက်ကျော်မှာ အမျိုးသမီးများဖြစ်သည်ဟု အစီရင်ခံစာက ဆိုသည်။

စစ်ကောင်စီ၏ ၂၀၂၁ ခုနှစ် အာဏာသိမ်းပြီးချိန်မှ ၂၀၂၃ ခုနှစ်အထိ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ၅၄ မှု ရှိကြောင်းနှင့် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် တရားမဝင်စစ်မှုထမ်းဥပဒေ အသက်ဝင်ခဲ့ပြီးနောက် အမျိုးသမီးများသည် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့် အုပ်စုဖွဲ့မုဒိမ်းကျင့်ခံရမှု အပါအဝင် ကျူးလွန်သူများ တာဝန်မခံရဘဲအပြစ်ဒဏ်မှကင်းလွတ်ခွင့်ရနေသည့် အန္တရာယ်များနှင့် ရင်ဆိုင်နေကြရကြောင်း အစီရင်ခံစာက ဖော်ပြထားသည်။

တရားမဝင်စစ်မှုထမ်းဥပဒေသည် အထူးသဖြင့် လူမှုစီးပွားရေး နိမ့်ပါးသော အမျိုးသမီးများအတွက် အဓိက သက်ရောက်မှုရှိနေပြီး လူလတ်တန်းစားအမျိုးသမီးများမှာ ရုန်းထွက်ရန်ကြိုးပမ်းနိုင်သော်လည်း အခြေခံလူတန်းစား အမျိုးသမီးများမှာ အခက်အခဲအတားအဆီးများစွာ ရှိနေကာ ပိတ်မိနေကြဆဲ ဖြစ်ကြောင်း အစီရင်ခံစာက တင်ပြထားသည်။ မြန်မာ့စီးပွားရေးပြိုလဲနေချိန်အတွင်း အမျိုးသမီးများသည် ငွေညှစ်ခြင်း၊ အတင်းအကျပ် ငွေပေးချေမှုများနှင့် အကြမ်းဖက်အုပ်စု၏ မတရားဖမ်းဆီး ခြင်းများနှင့် ရင်ဆိုင်နေရသည့်အပြင် စစ်မှုထမ်းခြင်းမှ ရှောင်ရှားနိုင်ရန် အတင်းအကြပ် လက်ထပ်ထိမ်းခြင်းများကြောင့်လည်း အိမ်တွင်းအကြမ်းဖက်မှုကို တိုးမြင့်လာစေကာ တရားမဝင်စစ်မှုထမ်းဥပဒေသည် အမျိုးသမီးများအတွက် ပြင်းထန်သော ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများစွာ ခံစားနေရကြောင်း သုံးသပ်တင်ပြထားသည်။

# ၂၀၂၄ ခုနှစ် ဇွန်လအတွင်း လေ့လာတွေ့ရှိရသော လူ့အခွင့်အရေးဆိုင်ရာ သတင်းမှတ်တမ်း ဖော်ပြချက်များ

## ၁။ ရန်ကုန်နှင့် မန္တလေး မြို့ကြီးများရှိ ရွှေဆိုင်ပိုင်ရှင်များအား စစ်ကောင်စီမှ ဖမ်းဆီးခြင်း

၂၀၂၄ ခုနှစ် မေလနောက်ဆုံးအပတ်တွင် ရွှေဈေးတကျပ်သားလျှင် ကျပ် ၅၇ သိန်းအထိ စံချိန်တင် မြင့်တက်သွားပြီးနောက် ဇွန်လ ၂ ရက်နေ့တွင် ရွှေလုပ်ငန်းလုပ်ကိုင်နေသူ ၂၁ ဦးကို ရွှေဈေးမတည်ငြိမ်အောင် ပြုလုပ်သည်ဟု စွပ်စွဲကာ စစ်ကောင်စီက ဖမ်းဆီးအရေးယူခဲ့ပြီး ရန်ကုန်နှင့်မန္တလေးမြို့များတွင်ရှိသော ရွှေဆိုင်ကြီးများမှ ရွှေဆိုင်ပိုင်ရှင်များအ ပါအဝင် ရွှေလုပ်ငန်းရှင် ၁၀ ဦးကို ဆက်လက်ဖမ်းဆီးမည်ဟု စစ်ကောင်စီလက်အောက်ခံ မီဒီယာများမှတဆင့် သတင်းထုတ်ပြန်ထားကြောင်း မီဒီယာဖော်ပြချက်များတွင် တွေ့ရသည်။ ဖမ်းဆီးအရေးယူမည့်သူများစာရင်းတွင် အောင်သမာဓိ၊ ဖွဲထက်၊ ခရမ်းသုံးခွရှိ ရွှေဆိုင်၊ ဝိန့်စိန်ရွှေဆိုင်နှင့် အကယ်ဒမီရွှေသန့်စင်လုပ်ငန်းတို့၏ ပိုင်ရှင်များအပြင် စိန်ကျော်မိုးရွှေဆိုင်နှင့် ရွှေဇင်ဝင်း ရွှေသန့်စင်လုပ်ငန်းမှ ပိုင်ရှင်များနှင့် ရွှေလုပ်ငန်းလုပ်ကိုင်နေသူ ပွဲစားသုံးဦး ပါဝင်ပြီး တိမ်းရှောင်နေသဖြင့် အရေးယူရန် စီစဉ်နေကြောင်း ဖော်ပြပါရှိသည်။ ရန်ကုန်နှင့် မန္တလေးရှိ ရွှေဆိုင်အချို့မှာ ပိတ်ထားလျက်ရှိပြီး အချို့ရွှေဆိုင်များမှာ တံခါးတဝက်ဖွင့်၍သာ ရောင်းချလျက်ရှိသည်။ သို့သော်လည်း စစ်ကောင်စီလက်အောက်တွင် တာ ဝန်ထမ်းဆောင်နေသော ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီး ဒေါ်သက်သက်ခိုင် ပိုင်ဆိုင်သည့် ရွှေနန်းတော်ရွှေဆိုင်မှာ ဖမ်းဆီးအရေးယူမည့်စာရင်းတွင် မပါဝင်သည့်အပြင် ပုံမှန်အတိုင်း ဖွင့်လှစ်လျက်ရှိနေသည်။

## ၂။ စစ်ကိုင်းတိုင်း၊ မင်းကင်းမြို့နယ်တွင် စစ်ကောင်စီမှ လေကြောင်းဖြင့် တိုက်ခိုက်သဖြင့် ပြည်သူ အစုလိုက်အပြုံလိုက် သေဆုံးခြင်း

ဇွန်လ ၃ ရက် မနက်အစောပိုင်းတွင် စစ်ကိုင်းတိုင်း၊ မင်းကင်းမြို့နယ်၊ မတောရွာ၌ မင်္ဂလာဆောင်ပွဲတခု ကျင်းပနေစဉ် စစ်တပ်က လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့သောကြောင့် ထိခိုက်သေဆုံးသူနှင့် ဒဏ်ရာရရှိသူအများအပြားရှိနေကြောင်း သတင်းမီဒီယာဖော်ပြချက်အရ သိရှိရသည်။ ဤမင်္ဂလာပွဲသည် ဒေါ်ငနီအမည်ရှိသော ပကဖအဖွဲ့ဝင် အမျိုးသမီးတဦး၏ မင်္ဂလာပွဲဖြစ်ပြီး အခင်းဖြစ်ပွားစဉ် မင်္ဂလာမောင်နှံမှာ ရွာဘုန်းကြီးကျောင်းတွင် ဆွမ်းကပ်ရန် ရောက်ရှိနေသဖြင့် ထိခိုက်ဒဏ်ရာရရှိခဲ့ခြင်းမရှိချေ။ သို့သော်လည်း မင်္ဂလာမဏ္ဍပ်နှင့် မင်္ဂလာဆောင်နေအိမ်အနီးတွင် ကျရောက်ပေါက်ကွဲခဲ့သော ဗုံး ဒဏ်ကြောင့် ခန္ဓာကိုယ်အစိတ်အပိုင်းများ ဆိုးဆိုးရွားရွား ပြတ်ထွက်လျက် သေဆုံးသူ အရေအတွက် ၂၈ ဦး ကျော်ရှိနေပြီး ဒဏ်ရာရရှိသူ ၅၄ ဦး ထက်မနည်းရှိနေသည်။ ကြဲချခဲ့သော ဗုံးဒဏ်ကြောင့် အခင်းဖြစ်ပွားရာနေရာတွင် ခြောက်ပေခန့် အကျယ်ရှိသော တွင်းနက်များကျန်ခဲ့ကာ အနီးနားရှိ သစ်ပင်များ ထက်ပိုင်းပင် ကျိုးပျက်သွားခဲ့သည်။ ကယ်ဆယ်ရေးနှင့် အလောင်းကောက်ယူရေး ဆောင်ရွက်နေချိန်တွင်လည်း ချင်းတွင်းမြစ်တဖက်ကမ်းမှ စစ်ကောင်စီတပ်များမှ လက်နက်ကြီးဖြင့် ပစ်ခတ်မှုများပြုလုပ်နေပြီး သေဆုံးသူရုပ်အလောင်းများကို ညပိုင်းမှ စုပေါင်းမြေမြှုပ် သင်္ဂြိုဟ်ခဲ့ကြောင်း မီဒီယာများက ဖော်ပြသည်။ မတောရွာနှင့် အနီးအနားဝန်းကျင်ရှိ ရွာသူရွာသားများမှာ စစ်ကောင်စီ၏ လက်နက်ကြီးနှင့် လေကြောင်းတိုက်ခိုက်မှုရန်ကြောင့် နေရပ်မပြန်နိုင်ဘဲ ဘေးလွတ်ရာနေရာများတွင် ထွက်ပြေးတိမ်းရှောင်နေကြရသည်။ ထို့အပြင်ဒဏ်ရာရသူများအနက်မှ သေဆုံးသူများ ရှိလာမှုကြောင့် သေဆုံးသူအရေအတွက်မှာ ၃၃ ဦးထိ ရှိလာပြီဖြစ်ပြီး ဒဏ်ရာရသူများအတွက် ဆေးဝါးအကူအညီများ လိုအပ်လျက်ရှိသည်။

## ၃။ VPN အသုံးပြုမှု တားဆီးရန် စစ်ကောင်စီမှ တင်းကြပ်စွာ ကိုင်တွယ်ခြင်း

စစ်ကောင်စီသည် မြန်မာနိုင်ငံတွင် လူသုံးများသော လူမှုမီဒီယာဖြစ်သည့် Facebook သုံးစွဲမှုကို ထိန်းချုပ်ရန်အတွက် အင်တာနက်ဝန်ဆောင်မှုပေးသော အော်ပရေတာလုပ်ငန်းများကို ဖိအားပေးကာ Virtual Private Network (VPN) ဆော့ဝဲကို ပိတ်ပေးရန်နှင့် မပိတ်ပါက အင်တာနက်လိုင်းများ ပိတ်ပစ်မည်ဟု ခြိမ်းခြောက်ကာ အသိပေးခဲ့သည်။ စစ်တပ် အာဏာသိမ်းယူပြီးသော အစောပိုင်းကာလတွင် Facebook သုံးစွဲမှုကို စတင်ပိတ်ပင်ခဲ့သော်လည်း ထိုပိတ်ပင်မှုကို ကျော်လွှားသုံးစွဲရန်နှင့် အင်တာနက်လိပ်စာခြေရာမခံနိုင်ရန် VPN applications များကို ပြည်သူများ အသုံးပြုလာခဲ့ကြသည်။ သို့သော် လည်း ယခုအချိန်တွင် VPN အသုံးမပြုနိုင်ရန် အော်ပရေတာများကို ဖိအားပေးထိန်းချုပ်နေပြီး Facebook နှင့် အခြားသော သတင်းအချက်လက်ကြည့်ရှုနိုင်သည့် အင်တာနက်စာမျက်နှာများကို ပြည်သူများအသုံးမပြုနိုင်ရန် ဆက်သွယ်ရေးကုမ္ပဏီများနှင့် ဆွေးနွေးနေသည်ဟုလည်း မီဒီယာဖော်ပြချက်များတွင်တွေ့ရသည်။ ထိုကဲ့သို့ လုပ်ဆောင်မှုများကြောင့် Facebook သုံးစွဲမှုနှင့် သတင်းမီဒီယာများမှ နေ့စဉ်သတင်းကြည့်ရှုနှုန်းများ ကျဆင်းလျက်ရှိကြောင်း မီဒီယာများ၏ လေ့လာသုံးသပ်ချက်များတွင် တွေ့ရသည်။ ထို့အပြင် မဖြစ်မနေ သုံးစွဲနေကြသည့် VPN ကို အကြောင်းပြုကာ ဒေသအချို့ရှိ စစ်ဆေးရေးဂိတ်များတွင် ရဲနှင့်စစ်သားတို့က ခြိမ်းခြောက်ငွေညှစ်မှုများပြုလုပ်လာကြသည်။ လက်ရှိအချိန်တွင် နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေး အပါအဝင် မြန်မာနိုင်ငံရှိ မြို့များတွင် စစ်ကောင်စီတပ်များနှင့် ရဲများက ဖုန်းစစ်ဆေးကာ VPN တွေ့ရှိပါက ငွေတောင်းယူမှုများဆက်တိုက်ပြုလုပ်နေပြီး VPN တွေ့ရှိမှုကြောင့် ငွေတောင်းခံနေရကြောင်း လူမှုမီဒီယာတွင် အသိပေးသူများကိုလည်း လိုက်လံဖမ်းဆီးလျက်ရှိသည်။ ထို့အပြင် ဝန်ကြီးဌာနများ၏ ခွင့်ပြုချက်မရဘဲ VPN သို့မဟုတ် အလားတူနည်းပညာကိုသုံး၍ ကွန်ရက်ထူထောင်ခြင်း၊ ကွန်ရက်သို့ ဝင်ရောက်ချိတ်ဆက်ခြင်း၊ အသုံးပြုခြင်းတွေ့ရှိပါက ထောင်ဒဏ် ၁ နှစ်မှ ၃ နှစ်၊ ငွေဒဏ် သိန်း ၅၀ ချမှတ်နိုင်သည်ဟု ဆိုက်ဘာလုံခြုံရေး ဥပဒေမူကြမ်းတွင် ဖော်ပြထားသည်။ သို့သော်လည်း ထိုဥပဒေမူကြမ်းကို အတည်မပြုနိုင်သေးသလို တရားဝင်ထုတ်ပြန်ထားခြင်းလည်း မရှိသေးပေ။ စစ်ကောင်စီသည် အင်တာနက်ဆင်ဆာဖြတ်တောက်ခြင်းနှင့် ကြားဖြတ်စောင့်ကြည့်ခြင်းများကို အရှိန်မြှင့်ရန် ကြိုးပမ်းလာနေပြီး အင်တာနက်အသုံးပြုသူများကို စုံစမ်းထောက်လှမ်းရန် တရုတ်နိုင်ငံက နည်းပညာနှင့် စက်ပစ္စည်းများ အကူအညီပေးနေသည်ဟု Justice For Myanmar အဖွဲ့က ထုတ်ပြန်ထားသည်ကို မီဒီယာဖော်ပြချက်တွင် တွေ့ရှိရသည်။

## ၄။ စစ်ကောင်စီ ပစ်ခတ်မှုကြောင့် ဝင်းနိမ္မိတာရုံဆရာတော် ပျံလွန်တော်မူ

၂၀၂၄ ခုနှစ်၊ ဇွန်လ ၁၉ ရက်တွင် မန္တလေးတိုင်း၊ ငါန်းဇွန်မြို့နယ်အနီး၌ ဝင်းနိမ္မိတာရုံဆရာတော် စီးနင်းလိုက်ပါလာသောကားကို စစ်ကောင်စီတပ်သားများနှင့် ပျူစောထီးတပ်ဖွဲ့ဝင်များမှ ပစ်ခတ်ခဲ့ရာ ဆရာတော်ပျံလွန်တော်မူခဲ့ပြီး အတူပါလာသော ကံသုံးဆင့်ဆရာတော်နှင့် ယာဉ်မောင်းတို့ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သတင်းမီဒီယာများ၏ ဖော်ပြချက်များတွင် တွေ့ရှိရပြီး လူမှုမီဒီယာတွင်လည်း ဤသတင်းမှာ ပျံ့နှံ့လျက်ရှိသည်။ ဖြစ်စဉ်မှာ ဇွန်လ ၁၉ ရက်၊ နံနက်ပိုင်းတွင် ဝင်းနိမ္မိတာရုံဆရာတော်နှင့် ကံသုံးဆင့်ဆရာတော်တို့သည် လေကြောင်းဖြင့် မန္တလေးသို့ ကြွချီလာခဲ့ပြီး မော်တော်ယာဉ်စီးနင်းလိုက်ပါလာစဉ် တံတားဦးလေဆိပ်အနီး ငါးဇွန်မြို့နယ်၊ မြို့သာရွာနှင့် ပန်းချီကမ္ဘရွာကြားတွင် ကျောက်ဆည်အခြေဆိုက်စစ်တပ်နှင့် ငါန်းဇွန်ပျူစောထီးတို့မှ ပစ်ခတ်ခဲ့ပြီး ဝင်းနိမ္မိတာရုံဆရာတော်ပျံလွန်တော်မူကာ အတူပါ ကံသုံးဆင့်ဆရာတော် ဦးခေါင်းတွင် မှန်ကွဲစထိမှန် ဒဏ်ရာရှိခဲ့ပြီး ယာဉ်မောင်းမှာ လက်သုံးကြောင်း ပြတ်ရှ ဒဏ်ရာရှိခဲ့သည်။ ဇွန်လ ၁၉ ရက်

ညက စစ်ကောင်စီပိုင် MRTV မီဒီယာတွင် PDF အဖွဲ့များနှင့်အပြန်အလှန်ပစ်ခတ်နေချိန် ဝင်းနိမ္မိတာရုံကျောင်းတိုက် ဆရာတော်၏ကား ဝင်လာခဲ့ပြီး “အကြမ်းဖက်သမားများ၏ပစ်ခတ်မှုကြောင့် တိမ်းမှောက်ခဲ့ရသည့်အပြင် ဆရာတော် ပျံလွန်တော်မူခဲ့”ကြောင်း ကြေညာခဲ့သည်။ သို့သော်လည်း ဇွန်လ ၂၀ ရက်နေ့တွင် ကံသုံးဆင့်ဆရာတော်က ဝင်းနိမ္မိတာရုံ ဆရာတော်၏ ဥတုဇရုပ်ကလာပ်ထားရှိရာ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့ ကလျာဏီရပ်ကွက်ရှိ ဝင်းနိမ္မိတာရုံကျောင်းတိုက် တွင် ဝင်းနိမ္မိတာရုံဆရာတော်ကို ပစ်သတ်သူများမှာ စစ်ဗိုလ်နှင့် စစ်သားများဖြစ်သည်ဟု သံဃာထုကို မိန့်ကြားခဲ့သည်။ ထိုမိန့်ကြားချက် ထွက်လာပြီးနောက် စစ်ကောင်စီဘက်မှ ဖြစ်စဉ်များကွဲလွဲနေသည်ဟု ထုတ်ပြန်ခဲ့သော်လည်း ဇွန်လ ၂၁ ရက်နေ့တွင် စစ်ကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက စစ်ကောင်စီဘက်မှ ပစ်ခတ်ခဲ့ ခြင်းဖြစ်ကြောင်း ဝန်ခံခဲ့ကာ ဇွန်လ ၂၄ ရက်၌ စစ်ခေါင်းဆောင်မှ သာသနာရေးဝန်ကြီးအား ဝင်းနိမ္မိတာရုံကျောင်း တိုက်သို့စေလွှတ်ကာ တောင်းပန်ကြောင်းလျှောက်ထားလွှာကို ဖတ်ကြားလျှောက်ထားစေခဲ့သည်။ နိုင်ငံတော်သံဃမဟာနာယက (မဟန) အဖွဲ့ဝင်ဟောင်းဖြစ်သူ ဝင်းနိမ္မိတာရုံဆရာတော် ပစ်ခတ်ခံရမှုသည် စစ်ကောင်စီအာဏာသိမ်းပြီးချိန်မှစ၍ ယခုအချိန်ထိ ဘာသာရေးဆိုင်ရာ အကြီးအကဲများ၊ ရဟန်းသံဃာများအပေါ်တွင် အပြစ်မဲ့သတ်ဖြတ်သော ဖြစ်စဉ်များအနက် အထင်ရှားဆုံး နမူနာတခုဖြစ်ပြီး ယခုကဲ့သို့သော ဖြစ်စဉ်များ များစွာရှိခဲ့သည်။